# ချင်းအမျိုးသားကောင်စီ၏ ပထမအကြိမ် နှစ်ပတ်လည် ကောင်စီအစည်းအဝေး ထုတ်ပြန်ကြေငြာချက်

ရက်စွဲ။ ၃၀၊ ၅၊ ၂၀၀၇။

၁။ ချင်းအမျိုးသားကောင်စီသည် ၄င်း၏ ပထမအကြိမ် ကောင်စီအစည်းအဝေးကို ၂၀၀၇ ခုနှစ် မေလ (၂၈မှ၃၀) ရက်နေ့အတွင်း အိန္ဒိယ–မြန်မာနယ်စပ် တနေရာ၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ချင်းအမျိုးသားကောင်စီဝင်များ၊ ပြည်တွင်းပြည်ပမှ လေ့လာသူ ချင်းမျိုးချစ် ပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်။

၂။ ထိုအစည်းအဝေးတွင် ကောင်စီ၏ ဖွဲ့စည်းပုံကို အတည်ပြုခြင်း၊ လက်ရှိချင်းပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာပြဿနာများ သုံးသပ်ခြင်း၊ မြန်မာ့နိုင်ငံရေး အကြပ်အတည်း သုံးသပ်ခြင်းများ ပြုလုပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၃။ ပြည်တွင်းပြည်ပချင်းပြည်သူများ၏ အခြေအနေများ ဆွေးနွေးရာတွင်နိုင်ငံရေးလွတ်လပ်မှုမရှိခြင်း၊ စစ်အစိုးရ အနေဖြင့် စီးပွားရေး စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဘာသာရေး ဖိနှိပ်ချုပ်ချယ်မှု များကြောင့် ချင်းပြည်သူများသည် လူမှုဘဝဖူလုံမှုမရှိခြင်းနှင့် ရင်ဆိုင်နေရသည်။ အထက်ပါ အကြောင်းရာများ ကြောင့် ချင်းပြည်သူများသည် ချင်းပြည်ကို စွန့်ခွာ၍ မြန်မာပြည်အနှံ့ ရွှေ့ပြောင်းနေထိုင်ခြင်း၊ နိုင်ငံရပ်ခြားသို့ ဒုက္ခသည်များအဖြစ် ခိုလှုံသူများ၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ တနေ့တခြားတိုးပွားခြင်း ဖြစ်သည်ဟု သုံးသပ်ပါသည်။ ထို့ကြောင့် ၄င်းတို့၏ ဘဝဖူလုံမှုအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အထူးလိုအပ်ပါသည်။

၄။ နအဖက ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်သက်တမ်း တိုးမြှင့်ခြင်းဖြင့် ဒီမိုကရေစီ ဖော်ဆောင်ရေး လမ်းစဉ်ကို ငြင်းပယ်နေခြင်းအပေါ် ဝမ်းနည်းပါသည်။ ထို့ကြောင့် ချင်းအမျိုးသားကောင်စီမှ ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးခွန်ထွန်းဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားများ အားလုံး ချွင်းချက်မရှိ လွှတ်ပေးရန် တောင်းဆိုသည်။

၅။ ရပ်တန့်နေသော မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် **သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး ခြင်း**ဖြင့် အဖြေရှာရန် ချင်းအမျိုးသားကောင်စီမှ ဆက်လက်ကြိုးပမ်းမည် ဖြစ်သည်။ ထိုသို့ ကြိုးပမ်းရာတွင် UN နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများ၏ နအဖအပေါ် ပိုမိုဖိအားပေးရန် လိုအပ်ကြောင်း သုံးသပ်သည်။ ထို့ပြင် အိမ်နီးခြင်းနိုင်ငံများ အိန္ဒိယနှင့် တရုတ် အနေဖြင့် နအဖ နှင့် စီးပွားရေးအရ ဆက်ဆံခြင်း၊ စစ်လက်နက်များ ကူညီထောက်ပံ့ခြင်းများ ရပ်တန့်ရန် တိုက်တွန်းပါသည်။

၆။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပရှိ ချင်းအသိုင်းအဝိုင်း၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ကျောင်းသားလူငယ် အဖွဲ့ အစည်းများအနေဖြင့် ချင်းအမျိုးသားကောင်စီနှင့် အတူတကွ အမျိုးသားတော်လှန်ရေး လှုပ်ရှားမှုများတွင် ပူးပေါင်း တိုက်ပွဲဝင်သွားရန် လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။